ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

၂၈ ရက်မြောက်နေ့ အစီအစဉ် ( နံနက် ၁၁ နာရီ )

[ ၁၇-၃-၂၀၁၅ ] ( အင်္ဂါနေ့ )

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၏ **ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်မှုဇုန်များတွင် မြေကွက်ပေါင်း မည်မျှဖော်ဆောင်ထား၍ စက်ရုံများ တည်ဆောက်ခြင်းမရှိသည့် မြေကွက်များနှင့် ပတ်သက်၍ မည်သို့ စီမံထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးစောဘသိန်း၊ သထုံ မဲဆန္ဒနယ်၏ **မြို့နယ်တရားရုံးတော်မှ ဆုံးဖြတ်ချက် အမိန့်ချမှတ်ပြီးသော ယာဉ်များအား သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အား လေလံတင်ရောင်းချရန် လုပ်ပိုင်ခွင့် ပေးနိုင်/ မပေးနိုင်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဝင်းဆွေ၊ ညောင်ရွှေမဲဆန္ဒနယ်၏ နေအိမ်ခြံမြေပုံကိစ္စ၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ(SME)နှင့်စပ်လျဉ်းသည့် လုပ်ငန်းမှတ်ပုံတင်ခြင်း၊ ဈေးငွေနှင့် မတည်မှုငွေရရှိနိုင်ရေးအတွက် ဆောင်ရွက်ခြင်းစသည့် လုပ်ငန်းပိုင်းဆိုင်ရာ နည်းလမ်းများ၊ ညွှန်ကြားချက်များနှင့် မည်သို့မည်ပုံ ဆောင်ရွက်ရမည်နှင့် ကျေးရွာများတွင် မြေဂရန် အခက်အခဲရှိသဖြင့် မြေဂရန်အစား မည်ကဲ့သို့ ဆောင်ရွက်နိုင်မည်ကို သိလိုခြင်း တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မဲဆန္ဒနယ်က တင်သွင်းသော “၁၉၉၃ ခုနှစ်၊ စည်ပင်သာယာရေးအဖွဲ့ ဥပဒေ ( နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၅/၉၃) ကို ရုပ်သိမ်းသည့် ဥပဒေကြမ်း” နှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ ရုပ်နားကြောင်းနှင့် အစည်းအဝေး ၂၉ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။